**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**
**ရုံးအမှတ် ( ၃၄ ) ၊နေပြည်တော်**

ဖုန်း - ၀၆၇ - ၃၄၁၀၁၅၃၊ဖက်(စ်) - ၀၆၇- ၃၄၁၀၁၅၄၊ အီးမေးလ် - frdho34@gmail.com


စာအမှတ်၊ ငကစ/ မူဝါဒ / (၀၆၅ / ၂၀၂၅)

ရက် စွဲ ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်

အကြောင်းအရာ။ **ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈) အား သိရှိလိုက်နာ ဆောင်ရွက်နိုင်ပါရန်ကိစ္စ**

ရည် ညွှန်း ချက်။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ ၂၀-၁-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၄၃၄၅ (၁၀၂)/၁၄-၀၅/ ဦး ၄

၁။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့သည် ၂၄-၁၂-၂၀၂၄ ရက်နေ့တွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈ ) ကို အခမ်းအနားဖြင့် ထုတ်ပြန်ကြေညာပြီးဖြစ်၍ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန အနေဖြင့် အဆိုပါ အမျိုးသားအဆင့်မဟာဗျူဟာ(၂၀၂၄ - ၂၀၂၈ )ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ၏ အင်တာနက်စာမျက်နှာ https://www.mopf.gov.mm/my/content/financial-regulatory-news နှင့်ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏အင်တာနက်စာမျက်နှာhttps://www.frd.gov.mm /sub-categories/national-strategy2024-2028 တို့တွင် အများပြည်သူ သိရှိနိုင်ရန် လွှင့်တင်ထားပြီး ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနမှ ကြီးကြပ်ကွပ်ကဲလျက်ရှိသော သတင်းပို့အဖွဲ့အစည်းများ (Reporting Organizations – ROs) ဖြစ်သည့် အသေးစား ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကအာမခံကုမ္ပဏီများ အနေဖြင့် အဆိုပါ အမျိုးသားအဆင့်မဟာဗျူဟာ(၂၀၂၄ -၂၀၂၈) ပါ မဟာဗျူဟာနယ်ပယ်အလိုက် မိမိတို့ တာဝန်ခံဆောင်ရွက်ရမည့် မဟာဗျူဟာ အစီအစဉ်များ၊ ပူးပေါင်းဆောင်ရွက်ရမည့် မဟာဗျူဟာ အစီအစဉ်များကို သိရှိ၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ကာလအပြီး အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် အဆိုပါ အမျိုးသား အဆင့်မဟာဗျူဟာ ( ၂၀၂၄ - ၂၀၂၈ ) ကို အထက်ဖော်ပြပါ အင်တာနက်စာမျက်နှာ လိပ်စာများတွင်

ဝင်ရောက်ကြည့်ရှု၍ download ရယူရန်နှင့် မိမိတို့၏ အင်တာနက်စာမျက်နှာလိပ်စာများတွင် လွှင့်တင်ဖော်ပြနိုင်ရန် အကြောင်းကြားပါသည်။

၃။ ဤအကြောင်းကြားစာအား လက်ခံရရှိပါကြောင်းနှင့် လိုက်နာဆောင်ရွက်ပြီးစီးမှုအား ၇-၂-၂၀၂၅ ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်တင်ပြရန်ဖြစ်ပါသည်။

(ဇော်နိုင်)

ညွှန်ကြားရေးမှူးချုပ်

**ဖြန့်ဝေခြင်း**

အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းများအားလုံး

ပုဂ္ဂလိက အာမခံကုမ္ပဏီများအားလုံး

မိတ္တူကို

ညွှန်ကြားရေးမှူး၊ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကြီးကြပ်စစ်ဆေးရေးဌာနခွဲ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန

ညွှန်ကြားရေးမှူး၊ အာမခံလုပ်ငန်း ကြီးကြပ်စစ်ဆေးရေး ဌာနခွဲ၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန

ညွှန်ကြားရေးမှူး၊ အထက်/အောက်မြန်မာပြည်ကြီးကြပ်စစ်ဆေးရေးရုံး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ (သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များ၏ တင်ပြချက်များအား ကြီးကြပ်၍စုစည်း ပေးပို့နိုင်ပါရန်)

ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသ ကြီး/ပြည်နယ်ဦးစီးမှူးများ

ရုံးလက်ခံ

မျှော့စာ